# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 11, 2022 Volume 50, Number 6


| ၁၁.၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၆၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၀၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၃.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၇.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၁၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မန္တလေးတိုင်းဒေသကြီး ပဲဈေးကွက်တွင် နှစ်ရက်အတွင်း ပဲစင်းငုံအသစ် (၂၀၂၂) သုံးတင်းဝင်တစ်အိတ်လျှင်ကျပ် ၉၀၀၀ ခန့် ဈေးမြင့်တက်

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် ပဲစင်းငုံအသစ် (၂၀၂၂) ဝင်ရောက်ချိန်စောပြီး ကာလတူနှစ်နှင့်နှိုင်းယှဉ်လျှင် ကျပ် ၃၀၀၀၀ ခန့် အဖွင့်ဈေးပိုရခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ပဲအသစ်ပေါ်ပြီး တစ်လအတွင်းဈေးကွက်၏ ပဲလိုအပ်ချက်ကြောင့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၂၉၀၀၀ အထိရောက်ရှိနေကြောင်း၊ နှစ်ရက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၉၀၀၀ ခန့် ဈေးတက်လာကြောင်း မန္တလေးမြို့ ပဲကုန်သည်များထံမှ သိရသည်။

"၂၀၂၂ ခုနှစ် ပဲရာသီမှာ ပဲစင်းငုံအသစ်တွေက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းမှ စတင်ပြီး ဈေးကွက်ထဲ စောစီးစွာဝင်ရောက်လာပါတယ်။ ဈေးကွက်စဖွင့်ဖွင့်ခြင်းက ၁၀၅၀၀၀ ဈေးနဲ့ အရောင်းအဝယ် စတင်ဖြစ်ခဲ့ပါတယ်။ အခုချိန်မှာ ဇန်နဝါရီ ၇ ရက်နေ့ ပဲစင်းငုံအနီဈေးက ၁၂၀၀၀၀ ဈေးရှိခဲ့တယ်။ အဖိတ်နေ့က ၁၂၀၀၀၀ ဈေးရှိတာ။ အခု ဥပုသ်ထွက်နေ့ (ဇန်နဝါရီ ၁၀ ရက်) ကုန်စည်ဒိုင် ပြန်ဖွင့်တဲ့ရက်မှာ ပဲစင်းငုံဈေးက ထိုးပြီးတက်သွားတယ်။ ၁၂၉၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့တယ်။ ပဲစင်းငုံဈေးတက်ရတဲ့ အကြောင်းရင်းက အိန္ဒိယနိုင်ငံက ပဲစင်းငုံဝယ်လိုအားနဲ့ နိုင်ငံခြားဝယ်ဈေးတက်သွားတာကြောင့် ဈေးတက်သွားတာဖြစ်တယ်။ ပဲစင်းငုံကို မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့မှာ အဓိကထားပြီး စိုက်ပျိုးကြတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းမှာလည်း စိုက်ကြတယ်။ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့မှာလည်း စမ်းသပ်စိုက်ပျိုးပြီး လက်ရှိ အချိန်မှာ မြေပြန့်ကို ပို့ဆောင်ရောင်းဝယ်နေကြပါပြီ။ ချင်းပဲစင်းငုံ၊ ကယားပဲစင်းငုံဆိုပြီး ဈေးကွက်ထဲ ဝင်ရောက်မှုတွေရှိနေပါပြီ။ ပဲစင်းငုံ အဓိကထွက်တဲ့နေရာက ပခုက္ကူနဲ့ မုံရွာတို့က အကောင်းဆုံး ပဲစင်းငုံလို့ ဈေးကွက်ထဲမှာ နာမည်ရပါတယ်။ လက်ရှိအချိန်မှာ မန္တလေးပဲဈေးကွက်ထဲကို စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ မြင်းမူစတဲ့နယ်တွေက ဈေးကွက်ထဲ ဝင်ရောက်နေတယ်။ မန္တလေးဘက်ဆို အရှေ့တောလို့ခေါ်တဲ့ ပုသိမ်ကြီးနယ်ဘက်က စတင်ဝင်နေတယ်။ ပြီးခဲ့တဲ့နှစ် ပဲစင်းငုံတစ်အိတ် အမြင့်ဆုံး ၁၄၀၀၀၀ အထိ ဈေးမြင့်တက်ခဲ့တယ်။ ပဲစင်းငုံဈေးက ပြီးခဲ့နှစ်က ၇၀၀၀၀ ဈေးအထိ ဈေးပြန်ကျဆင်းရန် အကြောင်းမရှိဘူးလို့ ခန့်မှန်းရပါတယ်။ ပဲစင်းငုံကို အိန္ဒိယသို့ အဓိကတင်ပို့နေပြီး ဘင်္ဂလားဒေ့ရှ်၊ နီပေါတို့ကို အိန္ဒိယလောက် အရေအတွက်မများပေမဲ့ နှစ်စဉ်ဝယ်ယူမှုရှိတော့ တင်ပို့ပေးနေပါတယ်။ ပဲစင်းငုံကို မြန်မာလူမျိုးတွေ စားသုံးမှုနည်းပါးပါတယ်။ မြန်မာပြည်က ပဲစင်းငုံထွက်သမျှ ရာခိုင်နှုန်း ၁၀၀ အပြည့်

နီးပါးလောက် နိုင်ငံခြားဈေးကွက်ကို ပို့ဆောင်ပေးရတဲ့ပဲ ဖြစ်ပါတယ်” ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောကြားသည်။

ပဲစင်းငုံကို မြန်မာပြည်အထက်ပိုင်းဒေသများဖြစ်သည့် မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့မှ အဓိကစိုက်ပျိုးထွက်ရှိပြီး တောင်သူများအတွက် စိုက်ပျိုးစရိတ် အသက်သာဆုံးနှင့် ရာသီဥတုဒဏ်ကိုလည်း အခြားသီးနှံများထက် ပိုမိုခံနိုင်ရည်ရှိခြင်းကြောင့် တောင်သူများ အဓိကအားထားစိုက်ပျိုးသည့် သီးနှံဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/223632

## ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရရှိနေသည့် စားတော်ပဲအား တိုးချဲ့စိုက်ပျိုးရန် အကြံပြု



မြန်မာတောင်သူကြီးများဂျာနယ်

ပြည်တွင်းဈေးကွက်အတွင်း ဈေးကောင်းရရှိနေသည့် စားတော်ပဲကို သင့်တော်သည့် စိုက်ပျိုးမြေရှိသော တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပဲကုန်သည်များနှင့် စိုက်ပျိုးရေးပညာရှင်များထံက သိရသည်။

ကနေဒါနိုင်ငံမှ တင်သွင်းသည့် စားတော်ပဲများ ဝင်ရောက်လာသည့်အတွက် ပြည်တွင်းတောင်သူများ ဈေးကွက်ယှဉ်ပြိုင် မရောင်းချနိုင်သော်လည်း ရေဝတီမြစ်ရိုးတလျှောက် စိုက်ပျိုးသည့် စားတော်ပဲမှာ သီးခြားဈေးကွက်ရှိနေသဖြင့် တိုးချဲ့စိုက်ပျိုးသင့်သည်ဟု မန္တလေးပဲနှမ်းကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။

"ကျွန်းစားတော်ပဲကလည်း ရေဝတီ မြစ်ရိုးတစ်လျှောက် ဇန်းမော်၊ကသာကနေ မြစ်ဝကျွန်းပေါ်ဒေသထိစိုက်ပျိုးကြတယ်။ ပြည်တွင်းမှာ စားသုံးရတာ အရသာအကောင်းဆုံးပဲတစ်မျိုးဖြစ်တယ်။ နိုင်ငံခြားက တင်သွင်းလာတဲ့ စားတော်ပဲတွေနဲ့ အရသာလဲမတူဘူး။ ဈေးကွက်လည်း မတူပါဘူး။ ကလေးဝက စားတော်ပဲ ၊ မူးမြစ်ဝှမ်း စားတော်ပဲတွေကတော့ ရန်ကုန်-မန္တလေးဈေးကွက်ထဲ ရောက်မလာတော့ဘဲ ဒေသတွင်းမှာတင်ကုန်သွားတာပါ။ ဈေးကွက်ထဲမှာတော့ ကနေဒါစားတော်ပဲတွေကို စားသုံးနေကြတာပါ။ ဈေးတက်နိုင်တဲ့သူတွေလောက်ပဲ ကျွန်းစားတော်ပဲကို တစ်ခုတ်တရဝယ်စားမျိုးဖြစ်နေတာပါ။ လက်ရှိပြည်တွင်းဈေးကွက်မှာ လက်ကျန်မရှိတော့သဖြင့် သုံးတင်းဝင်တစ်အိတ်ကျပ်သုံးသိန်းခန့်ပေါက် ဈေးရှိနေပါတယ်” ဟု ဦးမျိုးဆွေက ပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှ တင်သွင်းနေသည့် ကနေဒါစားတော်ပဲမှာ ပြည်တွင်းတောင်သူများ အကျိုးစီးပွားကာကွယ်ရန် ပင်လယ်ရေကြောင်းမှ တင်သွင်းခွင့်မပြုသဖြင့် ထပ်ဆင့်ဈေးနှုန်းကြီးမြင့်နေကြောင်း ၊ ကိုဗစ်ကာလ နယ်စပ်ကုန်သွယ်မှု ရပ်ဆိုင်းသွားပြီးနောက် ပြည်တွင်းရှိ ကနေဒါစားတော်ပဲဈေးကွက်သည်ပင် ဈေးမြင့်တက်လာကြောင်း မန္တလေးပဲကုန်များထံက သိရသည်။ “ကနေဒါစားတော်ပဲ တင်သွင်းမှုက ကျွန်းစားတော်ပဲဈေးကွက်တင်မဟုတ်ဘဲ ပြည်တွင်းသုံးကုလားပဲ ဈေးကွက်ကိုပါထိခိုက်လို့ပိတ်ထားတာပါ။ ပြည်တွင်း ကုလားပဲဈေးမြင့်တက်ချိန်ဆိုရင် ကနေဒါစားတော်ပဲကို အစားထိုးသုံးပါတယ်။ ကုလားပဲဈေးမတက်ရင်တော့ မသုံးပါဘူး။တရုတ်နိုင်ငံကလည်း ဇူလိုင်လနောက်ပိုင်း ကိုဗစ်ကူးစက်မှုကြောင့် ကုန်သွယ်မှုကို ပိတ်လိုက်တော့ ပြည်တွင်းမှာ ကနေဒါစားတော်ပဲက ဈေးကောင်းသွားတာပါ။ သုံးတင်းဝင်တစ်အိတ်ကိုကျပ် ၂၀၀,၀၀၀ လောက်ထိဈေးဖြစ်သွားပေမယ့် လက်ရှိမှာ ကျပ် ၁၈၀,၀၀၀ လောက်ပေါက်ဈေးရှိပါတယ်။ ကျွန်းစားတော်ပဲကတော့ ပြည်တွင်းလက်ကျန်မရှိတော့ ကျပ် ၃၀၀,၀၀၀ ကျော်လောက်ဖြစ်နေပါတယ်။” ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ပြည်တွင်းပဲဈေးကွက်တွင် ဈေးကွက်ကောင်းမွန်လာသည့် စားတော်ပဲကို စိုက်ပျိုးနိုင်သည့်ဒေသများဖြစ်သည့် မြစ်ဝှမ်းဒေသများတွင် တိုးချဲ့စိုက်ပျိုးရန် စိုက်ပျိုးရေးဝန်ကြီးဌာနကလည်း သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနများကို လမ်းညွှန်ထားကြောင်း သိရှိရပြီး မန္တလေးတိုင်းဒေသကြီးအတွင်း မိုးကုတ်၊ တကောင်း၊ စဉ့်ကူး၊ မတ္တရာ၊ အမရပူရ၊ မြင်းခြံမြို့နယ်တို့တွင် ပုံမှန်စိုက်ပျိုးမှု ဧက ၂၃၀၀ ကျော်မှ ယခုနှစ်ဆောင်းရာသီတွင် ဧက ၂၆၀၀ နီးပါးအထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားမည်ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## ဗဟိုဘဏ်ထံက စျေးပြိုင်ဖြင့် ဒေါ်လာ ၃၄ သန်းဝယ်ယူခွင့်ကို စက်သုံးဆီကုမ္ပဏီ ၂၆ ခု ရရှိခဲ့ပြီး ဒီဇယ်ဆီဂါလန် ၁၂ သန်းကျော်ကို အထူးစျေးနှုန်းဖြင့် ရောင်းချပေးမည်




ဗဟိုဘဏ်က နိုင်ငံခြားငွေစျေးပြိုင်လေလံနဲ့ ရောင်းချခဲ့တဲ့ အမေရိကန်ဒေါ်လာတွေထဲ ၃၄ သန်းကို ဝေစုအဖြစ် စက်သုံးဆီကဏ္ဍက ဝယ်ယူခွင့်အတွက်ရရှိခဲ့တယ်လို့ သိရပါတယ်။

ပြင်ပပေါက်စျေးထက် လျှော့နည်းတဲ့ ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းနဲ့ စက်သုံးဆီတင်သွင်းရောင်းချတဲ့ ကုမ္ပဏီ ၂၆ ခုက ခွဲဝေရရှိခဲ့ကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းကာ ဒီဇယ်ဆီ ဂါလန် ၁၂.၅၄ သန်းကို အထူးစျေးနှုန်းနဲ့ ရောင်းချပေးမယ်လို့ ကြေညာထားပါတယ်။ လက်ရှိ ပြည်ပစက်သုံးဆီစျေးကွက်မှာ ဒီဇယ်ဆီတစ်လီတာစျေးက ၁၄၅၀ ကျပ်ဝန်းကျင် ရှိနေပြီး ယခုအထူးစျေးနှုန်းနဲ့ ရောင်းချပေးခြင်းကို ကုမ္ပဏီ (၁၀)ခုမှ ယနေ့မှစတင်ပြီး ရောင်းချနေပြီလည်း ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နဲ့တိုင်းဒေသကြီး (၁၀)ခုက စက်သုံးဆီအရောင်းဆိုင် ၉၉ ဆိုင်မှာ စတင်ဖြန့်ဖြူးရောင်းချပေးမှာဖြစ်ပြီး မြန်မာ့ရေနံနှင့်ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားတဲ့ ရည်ညွှန်းစျေးနှုန်းအတိုင်း ဝယ်ယူနိုင်တယ်လို့ ဆိုပါတယ်။

သတ်မှတ်စျေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာနနဲ့ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ကို ဆက်သွယ်တိုင်ကြားနိုင်တယ်လို့ အသိပေးထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံဗဟိုဘဏ်အနေနဲ့ နိုင်ငံခြားငွေစျေးပြိုင်လေလံနဲ့ အမေရိကန်ဒေါ်လာ ၄၂၉ သန်းကို ထုတ်ရောင်းခဲ့ပြီး စားအုန်းဆီ၊ စက်သုံးဆီ၊ ဆေးဝါးပစ္စည်းစတဲ့ နိုင်ငံခြားငွေ အများအပြားသုံးစွဲရတဲ့ လုပ်ငန်းတွေက ခွဲတမ်းရရှိခဲ့ပါတယ်။

Source: BETV Business

## တရုတ်နိုင်ငံသို့ တင်ပို့သည့် ဖရဲစျေးထိုးကျနေပြီး တရုတ်ခေါက်တိုကားခပင်မရသည့်အခြေအနေများ ဖြစ်ပေါ်နေဟုဆို


https://news-eleven.com/article/223626

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ၁၀၅ မိုင် သစ်သီးကွင်းမှ တရုတ်နိုင်ငံ ဝမ်တိန်မြို့သို့ ပို့ဆောင်ရောင်းချနေသော ဖရဲကုန်စည်စျေးတန်းများ ဇန်နဝါရီ ၉ ရက်က ထိုးကျနေပြီး တရုတ်ခေါက်တိုကားခပင် မရရှိသည့် အခြေအနေများဖြစ်ပေါ်နေကြောင်း ဖရဲ၊ သခွားစိုက်တောင်သူများနှင့် ကုန်သည်ပွဲစားများထံမှ သိရသည်။

ထိုသို့ စျေးတန်းကျဆင်းရခြင်းမှာ လာအိုနိုင်ငံဘက်မှ တရုတ်နိုင်ငံသို့ ဖရဲကားများ ဝင်ရောက်နေခြင်း၊ တရုတ်နိုင်ငံရာသီဥတု အခြေအနေများနှင့် တရုတ်နိုင်ငံအတွင်း ဒေသအချို့၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရခြင်း၊ ၁၀၅ မိုင်သို့ ဖရဲကားများ အဝင်များပြားခြင်းတို့ကြောင့် လမ်းပိုင်းကြန့်ကြာခြင်း၊ စစ်ဆေးမှုကြန့်ကြာခြင်း၊ တရုတ်နိုင်ငံ ဝမ်တိန်သို့ ဝင်ရောက်ရခက်ခဲခြင်း၊ ခေါက်တိုကားရှာရခက်ခဲခြင်းတို့ကြောင့် အသီးအရည်အသွေးကျဆင်းမှုဖြစ်ပေါ်ကာ အသီးစျေးတန်းထိုးကျနေခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ လာအိုဘက်ကလည်းထွက်လာတော့ အပြိုင်အဆိုင်ဖြစ်သွားတာ။ နောက် အသီးလတ်ဆတ်မှု၊ မလတ်ဆတ်မှုရယ်၊ နောက်ကြန့်ကြာမှုကြောင့် လတ်ဆတ်မှုက ပြောင်းလဲသွားတာ။ ရောင်းစျေးကလည်း အသီးလတ်ဆတ်မှုတွေပေါ် တိုက်ရိုက်ပြောလို့မရသေးဘူး။ အဝင်စများလာတာလည်းပါတယ်။ တခြားနိုင်ငံတွေက ပို့တဲ့ဟာတွေရယ် တရုတ်နိုင်ငံရဲ့ ရာသီဥတုအခြေအနေအပေါ်ရယ် တရုတ်နိုင်ငံရဲ့အချို့ဒေသတွေမှာ ကိုဗစ်ရောဂါပြန်တွေ့နေတာရယ်ကြောင့် ဖြုန်းဆိုကျတာပဲ။ စျေးနှုန်းကတော့ ကြာရှည်ပြီးတော့ တစ်သတ်မှတ်ထဲရှိမှာမဟုတ်ဘူးလေ" ဟု မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ပြောကြားသည်။

၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ တရုတ်သို့ ပို့မည့်ဖရဲသီးများ ခေါက်တိုတရုတ်ကား ရှာရခက်ခဲခြင်းနှင့် လမ်းပိုင်းကြန့်ကြာခြင်း၊ တရုတ်နိုင်ငံ ဝမ်တိန်သို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု ကြန့်ကြာခြင်းတို့ကြောင့် အရည်အသွေးကျဆင်းကာ ပယ်သီးများစွာ ဖြစ်ပေါ်နေပြီး စွန့်ပစ်နေရကြောင်း ဖရဲစိုက်တောင်သူများနှင့် ကုန်သည်ပွဲစားများထံမှသိရသည်။ "Facebook ပေါ်မှာ ဖရဲသီး တစ်ကီလိုကို တရုတ်ယွမ် ခြောက်ယွမ်၊ ခုနစ်ယွမ်ဈေးတွေနဲ့ ရင်ခုန်စရာတွေ ကြားနေရတယ်။ အရင်ရက်တွေက တကယ်ရတာပါ။ ဒါပေမဲ့ မြန်မာကားတစ်စီးမှာ ဖရဲသီးဘယ်နှစ်တန်ထွက်လဲဆိုတာတော့ မရေးကြဘူး။ ကံကောင်းတဲ့တစ်စီး နှစ်စီးစတော့ အပုပ်အနာနည်းနိုင်မှာပေါ့။ အရင်ရက်က မြန်မာ ၂၂ ဘီးကား ၅-၆ စီးမှာ တန်၂၀ တရုတ်ကားတစ်စီးရတယ်။ အဲဒီတစ်စီးတောင်မှ ဈေးကွက်ဝင် တစ်ဝက်လောက်ပဲပြန်ရတယ်။ အခုတရုတ်က ဝင်လာတင်တဲ့ခါ လီကားထပ်ကျပ်ရင် ဒီလိုပဲဖြစ်နေမှာပဲ" ဟု မူဆယ်သစ်သီးဝလံကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ပြောကြားသည်။ အထက်ပါအခက်အခဲများကြောင့် ဖရဲသီး အရည်အသွေးကျဆင်းကာ တရုတ်ခေါက်တိုကားခဈေးပင်မရရှိသည့် စီးပြတ်ဈေးနှုန်းများသာ ရရှိနေကြောင်းသိရသည်။

မကြာမီရက်ပိုင်းက ဖရဲတစ်ကီလိုလျှင် တရုတ်ယွမ် ခုနစ်ယွမ်ပတ်လည် စီးပြတ်တစ်တန်လျှင် တရုတ်ယွမ် ၆၀၀၀ ရောက်ရှိနေရာမှ ဇန်နဝါရီ ၉ ရက်က အများစုမှာ စီးပြတ်တရုတ်ယွမ် ၅၀၀၀ ယွမ်အောက်သို့ ကျဆင်းလာနေကြောင်း သိရသည်။ "အသီး အရည်အသွေးကျဆင်းပြီး တရုတ်ခေါက်တိုကားခတောင်မရတဲ့ဈေးတွေ စတွေ့ရပြီ။ အမြင့်ဈေးတွေမှာ ကုန်ကျစရိတ်ကို မကြောက်မရွံ့ကျော်ဖြတ်နိုင်သော်လည်း အခုထက်ဈေးကျလာရင်တော့ ကုန်ကျစရိတ် တံတိုင်းကြီးက အကျိုးအမြတ်ရဲ့ အဟန့် အတားကြီးဖြစ်လာတော့မှာပါ။ ဈေးကောင်းလှပြီဆိုပြီး အရည်မမီအသွေးမမီဖရဲတွေ တင်ချင်သေးတဲ့တောင်သူတွေ သတိချပ်စေလိုပါတယ်။ သခွားကတော့ ပုံမှန်ဈေးတန်းဆက်သွားနေဆဲပါ" ဟု ခွာညီပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်ခေါက်တိုကားခဈေးနှုန်းမှာ တစ်ရက်နှင့်တစ်ရက်မတူညီဘဲ တရုတ် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးလျှင် တရုတ်ယွမ် နှစ်သောင်းခွဲမှ သုံးသောင်းဝန်းကျင် (ကာလ ဒေသပေါက်ဈေး ကျပ် ၇၅ သိန်းမှ ၉၄ သိန်းဝန်းကျင်) ပေးဆောင်ငှားရမ်းရခြင်းနှင့် နှစ်ဖက်ရှန်တိန်ယာဉ်မောင်း၊ နှစ်ဖက်ကွင်းကြေးနှင့် အခြားမလိုအပ်သော အပိုကုန်ကျငွေများထည့်ပေါင်းပါက ဖရဲသီးကုန်တင် ကားတစ်စီးလျှင် သိန်း ၁၀၀ ကျော် ကုန်ကျစရိတ် ရှိနေကြောင်း ကုန်သည်များကဆိုသည်။

တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းချနေသော ရွှေသခွားမွှေးဈေးမှာ တစ်ကီလိုလျှင် တရုတ်ယွမ် ငါးယွမ်မှခုနစ်ယွမ်ကြားရရှိနေကြောင်း သိရသည်။ ဖရဲသီးနှင့်ရွှေသခွားမွှေးများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တင်ပို့နေခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/223626

## Bank Of China (Hong Kong) က မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းအပြင် အာမခံလုပ်ငန်းပါ ဆောင်ရွက်ရန် မှတ်ပုံတင်ထား

Bank of China (Hong Kong) – BOCHK က မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းအပြင် အာမခံလုပ်ငန်းပါ လုပ်ဆောင်ဖို့ မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း GNLM မှာ ကြေညာထားပါတယ်။ MYCO ရဲ့ အချက်အလက်တွေအရ အာမခံလုပ်ငန်းနဲ့ ပင်စင်ရန်ပုံငွေလုပ်ငန်းမဟုတ်တဲ့ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းက ၎င်းရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ကြောင်းဖော်ပြထားပြီး ၂၀၂၀ ပြည့်နှစ်၊ ဇွန်လဒုတိယပတ်မှာ ဖွဲ့စည်းမှတ်ပုံတင်ထားပါတယ်။

Bank of China (Hong Kong) က နိုင်ငံအတွင်း ဘဏ်ခွဲဖွင့်လှစ်ခွင့် ရရှိထားတဲ့ နိုင်ငံခြားဘဏ်တွေထဲက တစ်ခုဖြစ်ပြီး စီးပွားရေးအဖွဲ့အစည်းများ (Foreign Corporate) ၊ နိုင်ငံခြားမှာဖွဲ့စည်းပြီး ပြည်တွင်းမှာလာရောက်လုပ်ကိုင်တဲ့ နိုင်ငံခြား စီးပွားရေးအဖွဲ့အစည်းတွေနဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကိုပါ ချေးငွေထုတ်ချေးခွင့်ကို ဗဟိုဘဏ်က ခွင့်ပြုထားပါတယ်။

ဇန်နဝါရီ ၁ ရက်နေ့က စတင်တဲ့ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုတွေမှာ ယွမ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခွင့်ကို မြန်မာ့စီးပွားရေးဘဏ်နဲ့ ချိတ်ဆက်ဆောင်ရွက်ခွင့်ရှိတဲ့ တရုတ်အခြေစိုက်ဘဏ်နှစ်ခုထဲမှာလည်း BOCHK က ပါဝင်ခဲ့ပါတယ်။ ဒါ့ကြောင့် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ဆောင်ရွက်ခွင့်ရရှိခဲ့တဲ့ BOCHK မှာ ယွမ်စာရင်းဖွင့်လှစ် ဆောင်ရွက်ရမှာ ဖြစ်ပြီး ယွမ်/ကျပ်တိုက်ရိုက်ပေးချေမှု ပထမအဆင့်ကို ယွမ်ငွေ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၁၄ သန်း)နဲ့ စတင်မယ်လို့

ကြေညာထားပါတယ်။ Bank of China (Hong Kong) က ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့က လိုင်စင်ထုတ်ပေးထားတဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ် ၃ ခုအနက်မှ ၁ ခုလည်းဖြစ်ပါတယ်။

**Source: BETV Business**

## အိန္ဒိယနိုင်ငံ၌ Omicron ဗိုင်းရပ်စ်မျိုးကွဲစစ်ဆေးရန် Test kit ကိရိယာများကိုအသုံးပြုမည်

အိန္ဒိယနိုင်ငံ၌ Covid-19 ဗိုင်းရပ်စ်မျိုးကွဲ Omicron အား လွယ်လင့်တကူစစ်ဆေးနိုင်သည့် Omisure ဟု အမည်ပေးထားသော Test kit ကိရိယာများကို ၁၂-၁-၂၀၂၂ နေ့မှစတင်၍ ပြည်တွင်းရှိ ဆေးပစ္စည်းစတိုးဆိုင်များ၌ ဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

Omicron ဗိုင်းရပ်စ်မျိုးကွဲအား မျိုးဗီဇစီစဉ်နေရာချထားသည့် Genome Sequencing စနစ်ဖြင့် စစ်ဆေးနေရသည့် ဝန်အားကို လျော့ချနိုင်ရန်ရည်ရွယ်လျက် Omisure Test kit ကို အသုံးပြုရန် အိန္ဒိယအစိုးရက မကြာသေးမီက အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။ Tata ဆေးဘက် ဆိုင်ရာနှင့် ရောဂါရှာဖွေရေးဗဟိုဌာနက တီထွင်ထုတ်လုပ်သော အဆိုပါTest kit သည် S-gene ဗီဇပြောင်းလဲမှုဖြစ်စဉ်တိုးပွားမှုနှင့် S-gene ပါဝင်မှုမရှိသည့် အခြေအနေတို့ကို ပေါင်းစပ်လျက် Omicron ဗိုင်းရပ်စ်မျိုးကွဲကို ရှာဖွေစစ်ဆေးခြင်းခြင်းဖြစ်သည်။

အိန္ဒိယ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အသင်းချုပ် (NATHEALTH) ၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. Harsh Mahajan က လက်ရှိကာလတွင် ပြည်နယ်အစိုးရများသည် Delta မျိုးကွဲတွင် ပါဝင်ခြင်းမရှိသော S-gene ကို စမ်းသပ်စစ်ဆေးနိုင်ရန် Thermo Fisher test kit ကို အသုံးပြု လျက်ရှိကြောင်း၊ သို့ရာတွင် ၎င်းစနစ်သည် အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်မှုမရှိကြောင်း၊ ယခုတီထွင်ထုတ်လုပ်သည့် Omisure Test kit သည် တိကျသေချာမှုမြင့်မားသည့် ရလာဒ်ထုတ်ပေးနိုင်ပြီး ဗိုင်းရပ်စ်၏ဦးတည်ရာလမ်းကြောင်းကို ခြေရာခံရာ၌ အထောက်အပံ့ပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ Covid-19 ဗိုင်းရပ်စ်ကူးစက်သည်ဟု အတည်ပြုခံရသည့် လူနာများ၏ ဓါတ်ခွဲနမူနာများ အားလုံးကို Genome Sequencing ဓါတ်ခွဲခန်းများသို့ ပို့ဆောင်ရန် လိုအပ်တော့မည် မဟုတ်ကြောင်း ပြောဆိုပါသည်။

လက်ရှိကာလ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုရှိမရှိကို RT-PCR စနစ်ကို စံသတ်မှတ် အသုံးပြု၍ စမ်းသပ်စစ်ဆေးလျက်ရှိသော်လည်း Omicron နှင့် Delta မည်သည့် ဗိုင်းရပ်စ်မျိုးကွဲဖြစ်သည်ကို ခွဲခြားနိုင်မှုမရှိကြောင်း၊ Omisure Test kit သည် အဆိုပါ ဗိုင်းရပ်စ်မျိုးကွဲ ၂ ခုအကြား ခြားနားမှုကို တိကျစွာခွဲခြားနိုင်ပြီး ၄ နာရီအတွင်း အဖြေထုတ်ပေးနိုင်ကြောင်း၊ ၎င်း Test kit ၏ ဈေးနှုန်းကို ရူပီး ၂၅၀ သတ်မှတ်ထားကြောင်း သိရှိရသည်။

Source: Test kit for Omicron to be in stores from January 12, 7-1-2022, Economic Times

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေး အရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန်နှင့် တရုတ်ယွမ် ငွေကြေးလဲလှယ်မှုတွင် ပြည်ပအချက်ချာကျသည့်ဒေသအနေဖြင့်ဆောင်ရွက်နိုင်ရန် ပေကျင်းမှဟောင်ကောင်ဒေသအား ပံ့ပိုးသွားမည်ဖြစ်ကြောင်း

တရုတ်နိုင်ငံသည် နိုင်ငံခြားငွေကြေး အရန်ငွေထားရှိမှု အမျိုးမျိုးခွဲထားနိုင်ရန် လာမည့် ၂၀၂၂ ခုနှစ်အတွင်း တရုတ်ယွမ် ငွေကြေးလဲလှယ်မှုတွင် ပြည်ပအချက်ချာကျသည့်ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန် ပေကျင်းမှ ဟောင်ကောင်ဒေသအား ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအား ယွမ်ငွေကြေးငွေလဲလှယ်မှု အချက်အချာကျသည့်ဒေသအနေဖြင့် ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးရန်မှာဗဟိုဘဏ်၏ ၂၀၂၂ ခုနှစ်အတွင်းဦးစားပေးအချက်ဖြစ်ကြောင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ မြင့်တင်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလကုန်တွင် ဘဏ်အပ်နှံငွေ ယွမ် (၈၃၄.၉) ဘီလီယံ (ဟောင်ကောင်ဒေါ်လာအားဖြင့် ၁.၀၂ ထရီလီယံ)ရှိခဲ့ရာ ယခင်နှစ် နယ်စပ်ဖြတ်ကျော် ငွေပေးချေမှု ၏(၄၆)ရာခိုင်နှုန်းရှိသောကြောင့် တရုတ်နိုင်ငံအတွက်ဟောင်ကောင်ဒေသသည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဗဟိုဌာန အနေဖြင့်အဓိကအချက်အချာကျသည့်ဒေသဖြစ်ကြောင်း၊ ထို့ပြင်ဟောင်ကောင်ဒေသသည် မဟာပင်လယ်ကွေ့

ဒေသ၏ စီမံကိန်းအရမကာအိုနှင့် တရုတ်ပြည်မကြီးမှ မြို့ကြီးများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ Frank Tang က" Beijing to bolster HK as yuan trading hub, diversify city's forex reserves" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ဟောင်ကောင်ဒေသသည် လန်ဒန်နှင့်စင်ကာပူနိုင်ငံတို့၏ ယွမ်ငွေကြေးလဲလှယ်မှု ပြည်ပအချက်အချာကျသည့် စင်တာများကဲ့သို့ ဆောင်ရွက်နိုင်ရန် စတော့ရှယ်ယာ၊ စာချုပ်များနှင့်ပိုင်ဆိုင်မှု စီမံခန့်ခွဲမှုချိတ်ဆက်မှု အစီအစဉ်တို့အား တရုတ်ပြည်မကြီးနှင့် စီးပွားရေးလုပ်ငန်းများ နီးကပ်စွာချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသအား ပံ့ပိုးပေးမည့်မူဝါဒနှင့်ပတ်သက်၍ တရုတ်နိုင်ငံဗဟိုဘဏ်မှကျယ်ကျယ်ပြန့်ပြန့်အသေးစိတ် ရှင်းလင်းဖော်ပြခြင်းမရှိသော်လည်း၊ ယွမ်ငွေကြေးသုံးစွဲမှုများ၊ ကုန်သွယ်ရေးအတွက် ပေးချေမှုနှင့်ဒစ်ဂျစ်တယ်လ် ယွမ်သုံးစွဲမှုတို့အတွက် အလားအလာကောင်း အများအပြားရှိကြောင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမတစ်လျှောက်ရှိနိုင်ငံများမှ ကုမ္ပဏီများအနေဖြင့် ရှယ်ယာများနှင့်စာချုပ်များ ရင်းနှီးမြှုပ်နှံမှုတွင် အခက်အခဲများရှိကြောင်း၊ သို့ဖြစ်ရာ အရည်အချင်းပြည့်မီသည့် နိုင်ငံခြားကုမ္ပဏီများအား တရုတ်စတော့ရှယ်ယာဈေးကွက်မှ ဘဏ္ဍာငွေများမတည်ရင်းနှီးမြှုပ်နှံနိုင်ရန်တရုတ်နိုင်ငံအနေဖြင့် ခွင့်ပြုပေးသင့်ကြောင်း၊သို့သော်ငွေသွင်း/ငွေထုတ်ငွေသားစီးဆင်းမှုများ လျင်မြန်ချောမွေ့စေရန် လဲလှယ် နိုင်မည့် ရင်းနှီးငွေအမြောက်အမြား လိုအပ်မည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဟောင်ကောင်ရှိ အစုရှယ်ယာ ကုမ္ပဏီ(၃) ခု အတွက် တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စာချုပ်အနေဖြင့် ယွမ် (၂၀) ဘီလီယံ ထုတ်ပေးခဲ့ကြောင်း၊ ယခင်ရက်သတ္တပတ်က ယွမ် (၅) ဘီလီယံ တန်ဖိုးရှိ ဗဟိုဘဏ် ၏ ငွေစက္ကူများကို တရုတ်နိုင်ငံ People's Bank of China မှ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ထုတ်ရောင်းခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ၏ လွှမ်းမိုးမှုကို ပယ်ဖျက်နိုင်ရန်နှင့် ငွေကြေးစနစ်တွင် အမေရိကန်ဒေါ်လာ လွှမ်းမိုးမှုအား ဝါရှင်တန်မှ တင်းကြပ်မှုများပြုလုပ်မည်ကို ၂၀၁၈ ခုနှစ်ကတည်းက စိုးရိမ်မှုများဖြစ်ခဲ့သောကြောင့် ပေကျင်းသည် တရုတ်နိုင်ငံ၏ ယွမ်ငွေကြေးအား နိုင်ငံတကာအသုံးပြုနိုင်ရေးအစီအစဉ်ကို ၂၀၀၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်ယွမ် ငွေကြေးအား နိုင်ငံတကာအသုံးပြုနိုင်ရန် ဆောင်ရွက်မှုမှာ နှေးကွေးလျက်ရှိပြီး နိုင်ငံတကာ ငွေပေးချေမှုအရန်ငွေကြေးနှင့် နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်မှုများတွင် အမေရိကန်ဒေါ်လာ၏နောက်တွင်ရှိဆဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း နိုင်ငံတကာ ငွေပေးချေမှုတွင် အမေရိကန် ဒေါ်လာ (၄၀.၃၉) ရာခိုင်နှုန်း၊ ယူရို (၃၇.၅၂) ရာခိုင်နှုန်းတို့နှင့်နှိုင်းယှဉ်လျှင် တရုတ်ယွမ်ငွေကြေးမှာ (၂.၁၄) ရာခိုင်နှုန်းရှိပြီး အဆင့် (၅) တွင်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယွမ်ငွေကြေး ပြည်ပနိုင်ငံများတွင် အသုံးပြုမှုမြှင့်တင်နိုင်ရန် ဒစ်ဂျစ်တယ်လ် ယွမ်ငွေကြေးအစီအစဉ်အား အဆင့်မြှင့်တင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်လ်ငွေကြေးများအား နယ်မြေဖြတ်ကျော်ပေးချေမှုစနစ်များ လေ့လာနိုင်ရန် တရုတ်နိုင်ငံ People's Bank of China သည် ဟောင်ကောင်ငွေကြေး အာဏာပိုင်အဖွဲ့၊ ထိုင်းနိုင်ငံရှိ ဗဟိုဘဏ်၊ ယူအေအီးတို့နှင့် တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာလုပ်ငန်းကုမ္ပဏီကြီးများအနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုများ ပိုမိုလွယ်ကူစေရန် ယွမ်ငွေကြေးများ ပမာဏအများအပြား ကိုင်ဆောင်လုပ်ကိုင် နိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက ရှယ်ယာလုပ်ငန်းများ ပြည်ပရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရန် အသေးစားစီမံကိန်းဆောင်ရွက်ရန် တရုတ်နိုင်ငံအနေဖြင့် ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

Source: **အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## ဥရောပနိုင်ငံရှိ စူပါမတ်ကတ်များက သစ်တောပြုန်းတီးမှုနှင့်ဆက်နွှယ်သော ဘရာဇီးလ်နိုင်ငံထုတ် အမဲသားများကို ဖယ်ရှားသွားမည်ဟု ပြောကြားခြင်း

ဘရာဇီးလ်နိုင်ငံ၏ အမေဇုန်မုတ်သုံသစ်တောနှင့် အပူပိုင်းရေနေဒေသများ ပျက်စီးမှုနှင့် ဆက်နွှယ်နေသော ဘရာဇီးလ်နိုင်ငံထုတ် အမဲသားထုတ်ကုန်များကို ၎င်းတို့၏ စူပါမတ်ကတ်များ၌ ရောင်းချမည်မဟုတ်ဟု ဥရောပရှိ စူပါမတ်ကတ်များက ပြောကြားကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ Carrefour စူပါမတ်ကတ်အနေဖြင့် အမေဇုန်သစ်တောနှင့် Pantanal အပူပိုင်း ရေနေဒေသများ၌ မွေးမြူထားသည့် နွားများမှထုတ်ကုန်ဖြစ်ကြောင်း သံသယရှိသည့် လတ်ဆတ်အမဲသားများ (fresh prime cuts)၊ အမဲသားခြောက်များ (beef jerky) နှင့် စည်သွတ်အမဲသား (corned beef) တို့ကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဘရာဇီးလ်၏ အစိုးရမဟုတ်သော အဖွဲ့အစည်း Reporter Brasil နှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာတက်ကြွလှုပ်ရှားသည့်အဖွဲ့အစည်း Mighty Earth တို့ ပူးပေါင်းစုံစမ်းစစ်ဆေးမှုအရ ဘရာဇီးလ်နိုင်ငံရှိ အသားပြုပြင်ထုတ်လုပ်သော စားသောက်ကုန် ကုမ္ပဏီကြီးများဖြစ်သည့် JBS၊ Marfrig နှင့် Minerva တို့၏ ဆောင်ပိုလိုမြို့ရှိ ထုတ်လုပ်ရေးလုပ်ငန်းများနှင့် သစ်တောပြုန်းတီးမှုတို့အကြား ဆက်နွယ်မှုကို မီးမောင်းထိုးပြခဲ့ပြီးနောက် ဥရောပရှိ စူပါမတ်ကတ်များအနေဖြင့် ယင်းသို့ သစ်တောပြုန်းတီးမှုနှင့်ဆက်နွယ်သော ဘရာဇီးလ်ထုတ်ကုန် အမဲသားများကို ရောင်းချမည်မဟုတ်ကြောင်း ပြောကြားလာခြင်း ဖြစ်သည်ဟုသိရပါသည်။ အသားထုတ်ကုန်လုပ်ငန်းကြောင့် ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု၏ သုံးပုံနှစ်ပုံကို ဖြစ်ပေါ်စေသည်ဟု သဘာဝ ပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူများက ကာလရှည်ကြာ ဝေဖန်မှုများပြုလုပ်လျက်ရှိပြီး၊ အသားပြုပြင် ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်တွင် သစ်တောပြုန်းတီးမှုအဆုံးသတ်ရေး ကတိကဝတ် များကို လိုက်နာခြင်းမရှိဟုဆိုသည်။

Carrefour စူပါမတ်ကတ်သည် ၎င်းဆိုင်ရှိ Jack Link အမှတ်တံဆိပ် အမဲသားခြောက်များကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၏ အခြားစူပါမတ်ကတ်တစ်ခုဖြစ်သည့် Delhaize နှင့် ပြင်သစ်နိုင်ငံ၏ Auchan တို့ကလည်း JBS နှင့်ဆက်နွယ်နေသည့် အမဲသားခြောက်များကို အလားတူရုပ်သိမ်းသွားမည်ဟု ပြောကြားခဲ့ကြောင်းသိရပါသည်။ Carrefour စူပါမတ်ကတ်အနေဖြင့် အခြားနိုင်ငံများ၌ ထုတ်လုပ်သည့် ထုတ်ကုန်များ၏ ပင်ရင်းနိုင်ငံကိုကြည့်ရှု၍ အလားတူဆက်နွယ်မှုမျိုး တွေ့ရှိရပါက ယခုလိုပင် ရုပ်သိမ်းရန်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း Corporate Social Responsibility ဆိုင်ရာ ဒါရိုက်တာ Agathe Grossmith က ပြောကြားပါသည်။

နယ်သာလန်နိုင်ငံရှိ Albert Heijn ၊ Lidl နှင့် ဗြိတိန်နိုင်ငံရှိ Sainsbury's နှင့် Princes စူပါမတ်ကတ်များကလည်း အလားတူ ဆောင်ရွက်လျက်ရှိကြောင်း Mighty Earth က ပြောကြားပါသည်။ အမဲသားထုတ်ကုန်များကို ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့မှ အဓိကဝယ်ယူနေသည့် Sainsbury's အနေဖြင့် ဘရာဇီးလ်နိုင်ငံ၌ ထုတ်လုပ်ခြင်းမရှိသည့် corned beef ကို ဝယ်ယူသွားနိုင်ရေး အစီအမံများဆောင်ရွက်လျက်ရှိသည်ဟု ယင်းစူပါမတ်ကတ်၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားကြောင်း၊ အလားတူ Albert Heijn ၏ ပြောရေးဆိုခွင့်ရှိသူကလည်း ၎င်းတို့အနေဖြင့် ဘရာဇီးလ်နိုင်ငံ ထုတ်အမဲသားများကို တဖြည်းဖြည်းချင်း ဖယ်ရှားသွားရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်းနှင့် အခြားနိုင်ငံများမှ အစားထိုးဝယ်ယူတင်သွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

ဥရောပကော်မရှင်အနေဖြင့် ကမ္ဘာ့သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေးအတွက် ရည်ရွယ်သည့် လုပ်ထုံးလုပ်နည်း အဆိုပြုချက်တစ်ရပ်ကို ဥရောပပါလီမန်သို့ နိုဝင်ဘာလအတွင်းက တင်သွင်းခဲ့သဖြင့် ဥရောပရှိ စူပါမတ်ကတ်များအနေဖြင့် ယင်းအစီအမံများကို ဆောင်ရွက်လာကြခြင်းဖြစ်သည်ဟုဆိုသည်။ ဘရာဇီးလ်နိုင်ငံ၏ ကမ္ဘာ့အကြီးဆုံး အမဲသားတင်ပို့ကုမ္ပဏီ JBS က ၎င်းအနေဖြင့် တရားမဝင်သစ်တောပြုန်းတီးမှုကို လက်ခံခြင်းမရှိကြောင်းနှင့် သစ်တောပြုန်းတီးမှုမရှိစေရေး ကြိုတင်ဆောင်ရွက်ချက်အဖြစ် လက်ရှိအချိန်အထိ အမဲသားထောက်ပံ့သည့် ကုမ္ပဏီပေါင်း (၁၄၀၀၀) ကျော်ကို ပိတ်ပင်ထားခဲ့ပြီး ဖြစ်သည်ဟု ခုခံပြောဆိုထားကြောင်း၊ သို့ရာတွင် အမဲသားထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက်လုံး၌ အလားတူ ထိန်းချုပ်နိုင်ရေးမှာ JBS အတွက်စိန်ခေါ်မှုဖြစ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ်တွင် JBS ၏ indirect supply chain ၌ သစ်တောပြုန်းတီးမှု ဖယ်ရှားရေး အတွက် block chain နည်းပညာကိုအသုံးပြု၍ အကောင်အထည်ဖော်မည်ဟု ပြောကြားကြောင်း သိရပါသည်။

ဘရာဇီးလ်နိုင်ငံသည် ကျွဲ/နွားခဝါချမှု (cattle laundering) ကို ကိုင်တွယ်ရာတွင် ရုန်းကန်နေရကြောင်း၊ သစ်တောပြုန်းတီးမှုနှင့်စပ်လျဉ်း၍ အမည်ပျက်စာရင်းဝင်နေသည့် ကျွဲ/နွားမွေးမြူရေးခြံများသည် ၎င်းတို့၏ ကျွဲ/နွားများကို အမည်ပျက်စာရင်းမဝင်သည့် ခြံများသို့ တရားမဝင်ရောင်းချကြကြောင်း၊ ထို့နောက် ၎င်းခြံများက အသားထုတ်လုပ်သည့် ကုမ္ပဏီများထံသို့ ပြန်လည်ရောင်းချနေခြင်းဖြစ်ကြောင်း သိရပါသည်။ ဘရာဇီးလ်နိုင်ငံ၏ သစ်တောပြုန်းတီးမှုသည် ယခုနှစ်တွင် (၁၅)နှစ်တာ ကာလအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့သည်ဟု ဘရာဇီးလ်နိုင်ငံ၏ အာကာသသုတေသနဆိုင်ရာ အမျိုးသားအဖွဲ့အစည်း (National Institute for Space Research) က ပြောကြားကြောင်း၊ မြေယာချဲ့ထွင်ရှင်းလင်းမှုအများစုသည် ကျွဲ/နွားများ မွေးမြူရန်အတွက် အသုံးပြုခြင်းဖြစ်ကြောင်း သိရပါသည်။

Source: https://www.euractiv.com/section/climate-environment/news/european-stores-pull-products-linked-to-brazil-deforestation-2/

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th Jan. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,300 | 8,300 | 8,100 | 1,216 | 9,852,700 | 33,109,694 | 268,189 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 2,510 | 7,548,500 | 38,929,150 | 118,734 |
| MCB | 00003 | 8,000 | +200 | +2.56% | 7,800 | 8,000 | 7,800 | 15 | 118,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 26 | 68,850 | 12,823,224 | 33,982 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 5 | 14,500 | 19,977,223 | 57,934 |
| AMATA | 00007 | 5,700 | +0 | +0.00% | 5,700 | 5,700 | 5,700 | 0 | 0 | 10,497,598 | 59,836 |


## Market summary

As of 11th Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 385.19 | +1.56 | +0.41% | 386.32 | 386.32 | 383.63 | 3,772 | 17,602,550 | 7 | 670,088 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 11th Jan. 2022

| MYANPIX | 385.19 ▲ 1.56 |
|---|---|
| Total Volume (shares) | 3,772 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 670,088 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 200 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 5,700 | ▲ 0 |